# ပြည်သူ့နီတိ

# အသိပညာပေးစာမေးပွဲ

# အထောက်အကူပြုအဖြစ်

# ဖတ်မှတ်ရန်

# ကဗျာ၊ ပုံပြင်နှင့်

# ဝတ္ထုစာစု

# (မူလတန်း)

## စာရိတ္တ နှင့်ပြည်သူ့နီတိ
## ယဉ်ကျေးလိမ္မာ

### အဆုံးအမ

လူခြေတိတ်လို့အိပ်ရာဝင်
တို့မေမေကသင်
စကားဆိုလျှင် ချိုသာဖို့
ယဉ်ကျေးပါစေလို့ ။
နေခြည်ဝင်းလို့ မိုးလင်းစဉ်
တို့ဖေဖေကသင်
အရာရာတွင် ဖြောင့်မှန်ဖို့
ရဲစွမ်းပါစေလို့။
ခေါင်းလောင်းသာလို့ကျောင်းမှာဝင်
တို့ဆရာကသင်
ပညာရေးတွင် ထူးချွန်ဖို့
ဖွဲကောင်းပါစေလို့။ ။

**တင်မိုး**
**(ထီးကလေးနဲ့မနီကလေးကဗျာစာအုပ်)**

## အများအကျိုးဆောင်

## အများအကျိုးကိုယ့်အကျိုး

မနီကလေးပန်းပန်ချင်
ပန်းဥယျာဉ်ကိုဝင်
ပန်းပန်ချင်ရင် ပန်းပင်ပျိုး
အများအကျိုးကိုယ့်အကျိုး။
မနီကလေးထမင်းဆာ
လယ်တောဆီကိုလာ
ထမင်းဆာရင် ကောက်ပင်ပျိုး
အများအကျိုးကိုယ့်အကျိုး။
မနီကလေး ချွေးစိုစို
ဇရပ်ရိပ်မှာခို
နေခိုချင်ရင် ဇရပ်မိုး
အများအကျိုးကိုယ့်အကျိုး။

**တင်မိုး**
**(ထီးကလေးနဲ့မနီကလေးကဗျာစာအုပ်)**

## စည်းကမ်းလိုက်နာ

## အောင်ပွဲဆင်သူများ

ကျောင်းစာအိမ်စာချန်မထားတော့
ကျောင်းသွားတဲ့ခါပေါ့ပါးရွှင်။
အတန်းထဲမှာ  သူငယ်ချင်းနဲ့
ရင်းရင်းနှီးနှီးချစ်ချစ်ခင်။
ကျောင်းတက်မှန်ရင်  ဘယ်စာခက်လိမ့်။
ရေးမှတ်တွက်ချက်  နေ့တိုင်းပင်
ဆရာသင်စဉ်  အာရုံစိုက်လို့
ပွေ့ပိုက်ယူကြထာဝစဉ်
အောင်ပွဲဆင်  အောင်ပွဲဆင်။

**မင်းချမ်းမွန်**

## ရဲရင့်ိုးသား

### ဗန္ဓုလ

ခါးလွတ်ကိုင်ကာ   မြင်းကိုစီးတဲ့
ဗန္ဓုလကြီးဂုဏ်ထည်ဝါ။
ဗန္ဓုလပုံတူပန်းချီကားကို
မြင်ရသူများအားကျတာ။
မောင်ရစ်ငယ်စဉ်  ခါးလုံ့ပစ်လို့
အားမာန်ဖြစ်အောင်လေ့ကျင့်ရှာ။
ခါးရေးသွက်တာလာမစမ်းနဲ့
ကမ္ဘာတစ်ဝန်းက   လက်ဖျားခါ။
ဘိုးဘွားပိုင်မြေလာမထိနဲ့
ကမ္ဘာသိအောင်ချေမှုန်းတာ။
မောင်ရစ်ဆိုတာ   ဗန္ဓုလကွဲ့
စံပြုရတဲ့သတိုပါ။
ဗန္ဓုလလိုသတိုမွေးလို့
လွတ်လပ်ရေးကိုစောင့်ထိန်းမှာ
ထိန်းမှာ ထိန်းမှာ။   ။

**ရေနံ့သာမောင်ကျော်ညွန့်**
**(မူလတန်းပြည်သူ့နီတိစာအုပ်မှ)**

## ပတ်ဝန်းကျင်ထိန်းသိမ်း

## သစ်စေ့သစ်ပင်

သစ်စေ့ကလေးမြေမှာချ
မိုးတွင်းမိုးကာလ။
မြေမှာကျတဲ့ သစ်စေ့တွေ
မြေငွေ့ရေငွေ့တွေ့ပါစေ။
မြေဆီကိုစား ရေကြည်သောက်
သစ်ပင်လေးတွေပေါက်။
သစ်ပင်မျိုးပွားသမီးသား
ခံ့ညားဝေဆာလှပစွာ
သစ်ပင်တစ်ရာပါ။
သစ်ပင်တစ်ရာသီးပွင့်သွား
ခူးဆွတ်မကုန်နိုင်တကား။

**ညွန့်အေး (အင်းဝ)**

## တတိယတန်း၊ စတုတ တန်း

## နောက်ပြောင်တတ်သော သိုးကျောင်းသား

တစ်ရံရောအခါ သိုးကျောင်းသားငယ်တစ်ယောက်သည် သူ၏သိုးများကို ရွာအနီး ရှိမြက်ခင်း၌ ထိန်းကျောင်းနေလေသည်။ သူသည်နောက်ပြောင်လိုသောအားဖြင့် မကြာခဏပင် ‘ဝံပုလွေ ဝံပုလွေ’ဟု ထိတ်လန့်တကြားအော်ဟစ်လေ့ရှိ၏။

သူ၏အော်သံကိုကြားရတိုင်းလည်း ရွာသူရွာသားတို့သည် ကူညီရန်အလျင် အမြန်ပြေးလာလေ့ရှိကြသည်။ ဤသို့သောအခါမျိုးများ၌ သိုးကျောင်းသားငယ်သည် အားရဝမ်းသာများစွာရယ်မောလေ့ရှိလေ၏။ ရွာသားတို့ကား သူ၏နောက်ပြောင်မှုကို စိတ်ဆိုးခြင်းဖြစ်ကာ ပြန်သွားကြရသည်သာ ဖြစ်သည်။

ဤသို့ဖြင့် တစ်နေ့သောအခါအကယ်ပင်ဝံပုလွေတစ်ကောင်သည် သူ၏သိုးများကို လာရောက် ကိုက်ဆွဲလေ၏။ သူငယ်သည် ထိတ်လန့်တကြားဖြင့် ‘ဝံပုလွေဝံပုလွေ’ ဟု ကျယ်လောင်စူးရှစွာ အော်ဟစ်အကူအညီတောင်းလေ၏။

သူ၏အော်သံကိုကြားသော်လည်း ရွာသားတို့မှာ ခါတိုင်းကဲ့သို့ပင် နောက်ပြောင်ခြင်းဖြစ်လိမ့်မည်ဟု ယူဆကြကာ ရယ်မောလျက်သာ နေကြကုန်၏။

ဤသို့အားဖြင့် သိုးကျောင်းသားငယ်မှာ သူ၏သိုးများဆုံးရှုံးရလေတော့သတည်း။

**ငွေတာရီ**

**ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ**

## ဝံပုလွေနှင့်သစ်တောက်ငှက်

တစ်နေ့သ၌ ဝံပုလွေတစ်ကောင်သည် အစာစားစဉ် အိုးစူးလေ၏။ အိုးသည် လည်ချောင်းအတွင်း၌ ကန့်လန့်ဖြတ် နေရကား များစွာပင်နာကျင်ခြင်းဖြစ်လေ၏။ ထို့ကြောင့် သူသည်ဟစ်အော်ညည်းတွားကာ အရပ်လေးမျက်နှာသို့ လှည့်လည်နေ၏။ သူ၏အိုးကို လာရောက်ဖယ်ရှားပေးပါရန်လည်း တွေ့သမျှတိရစ္ဆာန်အပေါင်းတို့အား တောင်းပန်လေသည်။

သို့သော် သူ၏တောင်းပန်ချက်ကို မည်သည့်သတ ဝါတစ်ကောင်တစ်လေကမျှ လက်ခံခြင်းမပြုကြချေ။ ထိုအခါ ဝံပုလွေကအကယ် တစ်စုံတစ်ယေယာက်သောသူ သည် သူ့အားကူညီပါမူ ထိုသူ့အား အဖိုးအနဂ္ဃထိုက်သောဆုကို ပေးပါမည်ဟုထပ် ဆို၏။ သို့တိုင်အောင်လည်း မည်သူကမှပြန်ကြားခြင်းမပြုကြပေ။

ထိုအခိုက် သစ်တောက်ငှက်တစ်ကောင်သည် အနီးမှဖြတ်သန်းသွားစဉ် သူ၏ အဖြစ်ကိုမြင်လေသော် သနားကြင်နာခြင်းဖြစ်မိလေ၏။ ထို့ကြောင့် ဝံပုလွေအားပါးစပ် ကို ဖွင့်ဟစေကာသူ၏ရှည်လျားသောနှုတ်သီးဖြင့် အိုးကို နုတ်ယူပေးလေ၏။ ဝံပု လွေလည်း ချမ်းသာခြင်းသို့ရောက်လေ၏။

ထိုအခါ သစ်တောက်ငှက်သည် ဝံပုလွေအား ကတိအတိုင်းသူ့ကို ဆုပေးရန် တောင်းဆိုလေ၏။ ဤတွင် ဝံပုလွေကရယ်မောလျက်–

''အို သစ်တောက်ငှက် ငါသည် သင့်အားသင့်ဦးခေါင်းတစ်ခုလုံး ငါ၏ပါးစပ် အတွင်းသို့ရောက်နေသော်လည်း အသက်ဘေးမှချမ်းသာပေးလိုက်သည်မဟုတ်လော။ ဤအချက်သည်ပင် သင့်အဖို့ဆုမမည်ပါလော။ ဤရပြီးသောဆုနှင့်ပင် ကျေနပ်သင့် ပေသည်။ မည်သည့်ဆုကိုမျှ ထပ်မံ မတောင်းလေနှင့်တော့။ သို့မဟုတ်ပါက ငါသည် သင့် ကို ကိုက်သတ်စားရပါလိမ့်မည်''ဟု ပြောလိုက်လေ၏။

ဤတွင် သစ်တောက်ငှက်သည် အချို့သောသတ ဝါတို့၏ကျေးဇူးမသိတတ်ပုံကို တွေးတောရင်း အဝေးသို့ပျံသွားလေသတည်း။

**ငွေတာရီ**

**ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ**

# ချိုးနှင့်ပုရွက်ဆိတ်

တစ်ရံရောအခါ ပုရွက်ဆိတ်တစ်ကောင်သည် ရေငတ်လှသဖြင့် ချောင်းတစ်ခုရှိရာသို့သွားရောက်သည်။ ချောင်းရေမှာကြည်လင်လှသည်။ သူသည် ဝမ်းသာအားရဖြင့် သောက်ရန်ဆင်းလိုက်စဉ် အလွန်လျင်မြန်သော ရေစီးတွင်မျောပါသွားလေ၏။

ထိုအခိုက် ချောင်းကမ်းရှိသစ်ပင်တစ်ပင်၌ ချိုးငှက်တစ်ကောင်သည် နားလျက်ရှိရာပုရွက်ဆိတ်၏ဖြစ်အင်ကို ကောင်းစွာပင်တွေ့မြင်ရလေသည်။ ဤတွင်သူသည် ပုရွက်ဆိတ်ကို များစွာကရုဏာသက်လှသဖြင့် သစ်ကိုင်းငယ်တစ်ခုကို နှုတ်သီးဖြင့်ချိုးဖွဲ့လျက် ရေထဲသို့ ပစ်ချပေး၏။ ပုရွက်ဆိတ်လည်း ထိုသစ်ကိုင်းငယ်ပေါ်သို့ တက်ရောက်ကာ အသက်ဘေးမှ ချမ်းသာရာရရှိသွားလေ၏။

ဤသို့ဖြစ် များမကြာမီပင် တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် ချိုးကိုဖမ်းယူရန်တောတွင်းသို့ရောက်ရှိလာ၏။ သူသည်ထောင်ချောက်ကို ထောင်လျက်နေရာကောင်းတစ်ခုမှ စောင့်နေ၏။ ချိုးလည်း ထိုအကြောင်းကု မသိဘဲ ထောင်ချောက်အနီးသို့ရောက်ရှိလာသည်။ ထိုအခါ ယခင်ပုရွက်ဆိတ်သည် အကြောင်းစုံကို တွေ့မြင်သဖြင့် မုဆိုး၏ခြေဖနောင့်ကိုပြင်းထန်စွာ ကိုက်လိုက်၏။

မုဆိုးလည်း နာကျင်လှသဖြင့်လွှတ်ခနဲ အော်ဟစ်မိသည်။ ဤတွင်ချိုးသည် မုဆိုး၏အသံကိုကြားလိုက်ရသဖြင့် ထိတ်လန့်တကြားဖြင့် ထောင်ချောက်မှ ဝေးရာအရပ်သို့ ပျံပြေးလေရာ အသက်ဘေးမှ ချမ်းသာရာရရှိသွားလေသတည်း။

**မင်းယုဝေ**

**ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ**

# နှိမ်ချခြင်း၏အကျိုး

တစ်ရံရောအခါ မြင့်မားသောတောင်ကြီးတစ်ခု၏ တောင်စောင်းတစ်နေရာတွင် ခြသေ့်တစ်ကောင်နှင့် တောဝက်တစ်ကောင်တို့ ရင်ဆိုင်တွေ့မိကြသည်

တောင်စောင်းလမ်းမှာ အလွန်ကျဉ်းမြောင်းလှသည်။ တစ်ကောင်သာသွားနိုင်ရှိသည်။ တောင်နံရံကြီးမှာလည်း မြင့်မားသည်။ တောင်စောင်းလမ်းတစ်ဖက်တွင်လည်း နက်လှစွာသော ချောက်ကြီးရှိနေသည်။ တစ်ကောင်ကိုတစ်ကောင် တိုက်ခိုက်ပါက နှစ်ကောင်လုံးချောက်ထဲသို့ကျ သေဆုံးသွားကြမည်သာဖြစ်သည်။

ဤတွင်စိတ်ထားမွန်မြတ်သော တောဝက်သည် နှိမ့်ချစွာဖြင့် ကိုယ်ကိုဝပ် ပေးလိုက်သည်။

''အဆွေခြသေ့်၊ ကျွန်ုပ်၏ကျောကိုကျော်နင်းကာ သင်လိုရာအရပ်သို့ သွားပါလော့' ဟူ ဆို၏။

ခြသေ့်ကလည်း ''အဆွေ သင်သည်မွန်မြတ်လှပါပေသည်''ဟုဆိုကာ တောဝက်၏ကျောကို ညင်သာစွာနင်း ကျော်ဖြတ်သွားသည်။ လိုအရာအရပ်သို့ ငြိမ်းချမ်းစွာ ထွက်ခွာသွားသည်။ ထိုအခါတွင်မှ တောဝက်သည်လည်း နေရာမှထကာ မိမိလိုရာ ခရီးကိုထွက်ခွာသွားလေသည်။

**မင်းယုဝေ**

**ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ**

# စာနာသူ

ရှေးသရောအခါ ဟိမဝန္တာတောင်ခြေရင်း၌ ရသေ့ကြီးတစ်ပါးသည်တပည့်ရသေ့ ငါးရာနှင့်အတူ နေထိုင်သည်။

ထိုနေရာတွင် နွေအခါ၌ အပူရှိန်လွန်ကဲသဖြင့် သောက်ရေများခန်းခြောက်၏။ ထိုအရပ်ရှိ တိရစ္ဆာန်များပင် အတိဒုက္ခရောက်ကြရှာသည်။

ထိုအခါ ရသေ့ငါးရာထဲမှ တပည့်ရသေ့တစ်ပါးသည် တိရစ္ဆာန်တို့ကို စာနာသနား မိ၏။ ထို့ကြောင့် သစ်ပင်ကို ဖြတ်ထွင်း စားကျင်းပြုလုပ်သည်။ သူသည်ဝေးလံသော အရပ်မှ ရေများကိုရှာဖွေ ဝါးကျည်တောက်များအတွင်းသို့ထည့်၏။ ယင်းတို့ကို သယ် ဆောင် စာကျင်းတွင် ရေများကိုထည့်သည်။ တိရစ္ဆာန်များကိုရေတိုက်သည်။

ဆင်၊ မျောက်၊ သမင်၊ ယုန်၊ ကျေးငှက်စသည်တိရစ္ဆာန်များသည် ရေသောက် ရသဖြင့် အသက်ဘေးမှချမ်းသာရာရကြသည်။

ထိုရသေ့မှာမူ ရေအကြိမ်ကြိမ်ခပ်ထည့်ပေးနေရသဖြင့် သစ်သီးရှာဖွေချိန်မရ။ အခြားရသေ့များပေးသော သစ်သီးအနည်းငယ်ကိုသာ စားရရှာသည်။

ထိုအကြောင်းကို တိရစ္ဆာန်များသိသောအခါ စုဝေးတိုင်ပင်ကြ၏။ ထို့နောက် ရသေ့အတွက် ကိုယ်စီကိုယ်ငသစ်သီးများ ယူလာကြသည်။ ယူလာသောသစ်သီးများ သည် နေ့စဉ် လှည်းဆယ်စီးတိုက် ပမာဏရှိနေသည်။ ထိုရသေ့သာမက အဖော်ရသေ့ များကိုပါ စားသောက် မကုန်နိုင်အောင် ရှိသည်။

ထိုအကြောင်းကို ဆရာရသေ့ကြီးသိသောအခါ ထိုရသေ့အား–

''သူတစ်ပါးကို သနားညှာတာ ကူညီခြင်းသည် မြတ်လှပေသည်။ ထိုသူများ ကြောင့် ကျန်သူများမှာလည်း ကောင်းကျိုးချမ်းသာရကြပေသည်တကား''ဟုဆိုကာ ချီးကျူးမဆုံးရှိလေသည်။

**မင်းယုဝေ**

# ချစ်စရာ့ကလေးများ

## စာဖတ်ကြပါ

မြစ်ရေကျသဖြင့် ဧရာဝတီမြစ်သောင်ပြင်ကြီးမှာဖွေးဖွေးလှုပ်အောင် သောင်ထွန်းနေလေသည်။

သဲသောင်ပြင်တစ်နေရာတွင် လုဆောင်တို့ကလေးတစ်သိုက်သည် လွတ်လပ်ရေးနေ့ သက်ငယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်နေကြသည်။

''ဟေ့ ဖိုးထောင်၊ ဟိုကောင်သျှောင်ထုံးနဲ့မောင်ပြုံးကော''

''ဒီကောင်လား သိတဲ့အတိုင်းပေါ့ကွာ စာဖတ်ခန်းမှာစတိုင်နဲ့ထိုင်ပြီး သတင်းစာဖတ်နေလေရဲ့''

မောင်ပြုံးသည်သူတို့အသင်းထဲတွင် ဘောလုံးကန်အကောင်းဆုံးဖြစ်သည်။ မောင်ပြုံးဘောလုံးကစားသည့်အခါ သူ့ကို အများကသျှောင်ထုံးနဲ့ မောင်ပြုံးဟုအားပေးလေ့ရှိသည်။

မောင်ပြုံးသည်ငါးတန်း ကျောင်းသားလေးတစ်ယောက်ဖြစ်သည်။ တောမှနေမြို့သို့လာရောက်ပြီး ဦးလေးတစ်ယောက်အိမ်တွင်နေကာ ကျောင်းတက်နေသူတစ်ဦးဖြစ်သည်။

''ဟေ့ကောင်တွေ ငါတို့ဘောလုံးကန်ဖို့လေ့ကျင့်နေတာတော့ ဟုတ်ပါပြီ။ ပြိုင်ပွဲကျရင်ဝတ်ဖို့ ဘောင်းဘီနဲ့ အင်္ကျီကိုဘယ်သူက ဝယ်ပေးမှာလဲ၊ ရပ်ကွက်ကလည်း ရန်ပုံငွေမရှိလို့ ဝယ်မပေးနိုင်ဘူး''

''အေးကွာ ငါတို့ဘယ်လိုလုပ်ပြီး အဝတ်အစားဖိုးရှာရပါ့မလဲ မသိဘူး။ ဟိုကောင်သျှောင်ထုံးနဲ့မောင်ပြုံးလာမှ မေးစမ်းကြည့်ရအောင်''

သူငယ်ချင်းတစ်သိုက် အကြံထုတ်နေကြသည်။

ထို စဉ်...

''ဟော မောင်ပြုံးလာပြီဟေ့ မောင်ပြုံး ကြာလှချည်လား။ တို့ပြိုင်ပွဲကျရင်ဝတ်ဖို့ ဘောင်းဘီနဲ့အင်္ကျီ ဘယ်ကရမှာလဲ''

''ငါလည်း အဲဒါပဲစဉ်းစားနေတာကွ၊ မရလည်းဘောင်းဘီတိုကလေးဝတ်ပြီး အင်္ကျီချွတ်ကန်လိုက်ံ ပေါ့''

''မလုပ်ပါနဲ့ကွာ၊ ငါက အသားမည်းမည်းနဲ့ လူရယ်စရာဖြစ်နေပါဦးမယ်''

''ဟား ဟား ဟား ''ဟု ရယ်စရာများကို ပြောကြသည်။

မကြာမီ သောင်ပြင်တစ်လျှောက်တွင် သူတို့ဘောလုံးကန်ကြသည်။ ထိုစဉ်ဖိုးထောင် ကန်လိုက်သောဘောလုံးသည် မြစ်ကမ်းပါးပေါ်သို့ သွားတင်နေတော့သည်။

''ဟော့မောင်မဲ ကမ်းပါးပေါ်တက်ပြီး ဘောလုံးသွားကောက်ချည်ကွာ''ဟု တစ်ယောက်က ပြောလိုက်သည်။

ကမ်းပါးပေါ်သို့ မောင်မဲပြေးတက်ပြီး ဘောလုံးကိုလှမ်းယူလိုက်စဉ် ကမ်းပါးမှာ ့တ်တရက်ပဲ့ကျပြီး သောင်ပြင်အောက်သို့ မောင်မဲကျသွားလေသည်။

ကမ်းပါးကြီးနှင့် သောင်ပြင်အောက်ခြေမှာ လူကြီးတစ်ရပ်သာသာလောက်သာရှိသော်လည်း မောင်မဲမှာ ခြေမျက်စိမျက်သွားသဖြင့် စုပ်သပ်နေရသည်။

မောင်မဲနင်းမိ ပြိုကျလာသော ကမ်းပါးအပဲ့ကြီးနှင့်အတူ အိုးကြီးတစ်လုံးပါလာသည်ကို သူတို့တွေ့ကြရသည်။

''ဟာမြေအိုးကြီးတစ်လုံး၊ အထဲမှာဘာတွေလဲမသိဘူး၊ ပုတီးစေ့တွေရော ဆေးတံတွေရောအစုံပဲဟေ့''

ထိုအခါ မောင်ပြုံးက–

''ဟော့ကောင်တွေ အရမ်းမကိုင်ကြနဲ့ကွ။ ဒီအတိုင်းထားလိုက်ကြ၊ ဒါရှေးဟောင်းပစ္စည်းတွေ ဖြစ်ရမယ်။ တို့တော့ပွတာပဲဆရာ''

တစ်ယောက်က မသိ မေးပြန်သည်။

''ဟ မောင်ပြုံးရ ဒီပုတီးအစုတ်ပလုတ်ကလေးတွေကို ရတာနဲ့များ ဘာဖြစ်လို့ပွရမှာတုံးကွ''

''မင်းတို့မသိပါဘူးကွာ။ ဒါကြောင့် စာဖတ်ကြပါလို့ မင်းတို့ကို ငါပြောတာပေါ့။ မင်းတို့က နားမှမထောင်ဘဲ''

''ဟုတ်ပါပြီ၊ ပွတဲ့အကြောင်းကိုပြောစမ်းပါဦး''

''ဒီလိုကွ ခုတို့တွေ့တဲ့ပစ္စည်းက ရှေးဟောင်းပစ္စည်းတွေကွ၊ တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းတွေပဲ။ သက်ဆိုင်ရာလူကြီးတွေကို အပ်လိုက်ရင်တော့ တို့ဆုရမှာသေချာတယ်''

ဟု မောင်ပြုံးကပြောလိုက်သည်။

''ဟုတ်ပါ့မလားကွ''

''ဟုတ်ပါတယ်ကွ''

''ဒီလိုရှေးဟောင်းပစ္စည်းတွေ ကောက်ရလို့ဆုရတဲ့သူတွေကို သတင်းစာထဲမှာ ငါမကြာခဏ ဖတ်ရတာပဲ။ ဒါကြောင့် မင်းတို့ကိုပြောနေတာပေါ့''

မောင်ပြုံးပြောစကားကြောင့် အားလုံးစိတ်ဝင်စားသွားကြပြီး သူတို့မျက်နှာများတွင် ဝမ်းသာမှုအရိပ်အရောင်များ ပေါ်ထွက်လာသည်။

မောင်ပြုံးသည် စာဖတ်ခန်းမှစာကြည့်တိုက်မှူးကို အကျိုးအကြောင်းရှင်းပြပြီး ပစ္စည်းများကို အပ်လိုက်သည်။

စာကြည့်တိုက်မှူးက သက်ဆိုင်ရာရှေးဟောင်းသုတေသနဌာနသို့ အပ်လိုက်ရာ မကြာမီရက်အတွင်းမှာပင် သူတို့သူငယ်ချင်းတစ်စုကို ရှေးဟောင်းသုတေသနမှ ဆုငွေငါးရာကျပ်ချီးမြှင့်ရန် စီစဉ်လေသည်။

ဆုချီးမြှင့်ပွဲနှင့်ဂုဏ်ပြုပွဲအခမ်းအနားတွင် ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိလူကြီးက–

''အခုကလေးတွေ တွေ့ရှိခဲ့တဲ့ပစ္စည်းတွေဟာ ပုဂံခေတ်ဦးပိုင်းက ရှားပါးလှတဲ့ ရှေးဟောင်းအမွေအနှစ် လက်ရာပစ္စည်းတွေဖြစ်ပါတယ်။ တန်ဖိုးအရလည်း ကြီးမားလှပါတယ်။

''တချို့မြို့နယ်တွေမှာ ရှေးဟောင်းပစ္စည်းတွေကို တွေ့ရှိခဲ့ကြပေမယ့်သက်ဆိုင်ရာကို လာရောက်ပေးအပ်နိုင်ခြင်းမရှိခဲ့ပါဘူး။

''အခုကလေးတွေကတော့ ငယ်ပင်ငယ်ပေမယ့်လည်း အသိတရားရှိပြီး တာဝန်သိသိနဲ့ လာရောက်ပေးအပ်တဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်''

ဟု ပြောကြားသွားသောအခါ သျှောင်ထုံးနဲ့မောင်ပြုံးတို့အဖွဲ့မှာ ပျော်တပြုံးပြုံးနှင့် ရှိကြပြီး ရရှိသောငွေကိုလည်း လွတ်လပ်ရေးနေ့ဘောလုံးပြိုင်ပွဲအတွက် အင်္ကျီနှင့်ဘောင်းဘီဝယ်ရန် အများသဘောတူဆုံးဖြတ်လိုက်ကြလေတော့သည်။

**ရေနံ့မြေမောင်မောင်ကြည်**

**၁၃၁၂၁၉၈၁ မြဝတီမှ**

## နေရာလေးတစ်ခု

မေမေ့ဗိုက်ကပူနေသည်။ မေမေမွေးခါနီးပြီ။ မေမေ့ကိုယ်ဝန်က နေစေ့လစေ့။ သို့သော် အပါကမသိ။ ဘယ်သိမလဲ အပါက လေးနှစ်ပဲရှိသေးတာကိုး။ ခွေးကလေး ဘော်ဘီနှင့်ပြေးလွှားဆော့ကစားနေပြီး မောလာတော့ အမေ့အနားကပ်လာကာ

''မေမေ မေမေ့ပေါင်ပေါ်မှာထိုင်ချင်တယ်''

မေမေ့ပေါင်ပေါ်တက်ထိုင်လိုက်လျှင် အမောပြေသွားတတ်တာ အပါသိသည်။ အမေက ကုလားထိုင်တစ်လုံးတွင် ခြေထောက်နှစ်ချောင်းအောက်သို့ တွဲလောင်းချကာထိုင်နေသည်။ သူ့အမေက ''ထိုင်လို့ရရင်ထိုင်လေအပါ''ဟု ပြောသည်။ အပါက ပေါင်ပေါ်တိုးတက်၏။ သို့သော် အမေ့ဗိုက်ပူပူကြီးက ခံနေသဖြင့် ထိုင်မရဘဲ ပြန်လျှော ကျသွားပြီးရင်း ကျ သာနေသည်။ အပါက

''ကျွန်တော့်ကို ဘယ်သူတွန်းချနေတာလဲ''ဟု စိတ်ဆိုးကာမေးသည်။

''ညီလေးက တွန်းချနေတာ''ဟု အမေကဖြေတော့ အပါက

''ဘယ်မှာလဲ ညီလေး''

''အမေ့ဗိုက်ထဲမှာလေ''

''ညီလေးကို ကျွန်တော်တွေ့ချင်တယ်''

''သူအပြင်ထွက်လာတော့ မင်းတွေ့ရမှာပေါ့။ အရင်က အမေ့ဗိုက်ထဲမှာ မင်းနေခဲ့တယ်။ အခု ညီလေးအလှည့်လေ''

သူ့အမေက အပါနားလည်အောင်ပြောချင်သည်။ အဖေအပြင်က ပြန်လာတော့ ပန်းတွေဝယ်လာ၏။ သူ့အမေက–

''အပါလေး စားပွဲပေါ်က အလှတင်ပန်းအိုးထဲက ပန်းအဟောင်းတွေဖယ်ပစ်လိုက်၊ မင်းအဖေယူလာတဲ့ ပန်းကလေးတွေထည့်လိုက်''

အပါက သူ့အမေပြောသည့်အတိုင်းလုပ်သည်။ ပြီးတော့ သူ့အမေက–

''အဲဒီပန်းကလေးတွေလိုပေါ့''ဥပမာပေး၏။

''အမေ့ ဗိုက်ကကျဉ်းကျဉ်းလေး။ ညီလေးဘယ်လိုလုပ်နေလဲ''

''မင်း ပုစွန်ထုပ်ဟင်းစားဖူးတယ် မဟုတ်လား။ အဲသလို ကွေးကွေးလေးနေတာပေါ့''

''ဒီလိုကွေးကွေးလေးလား''

သူ့ကိုယ်ကိုကွေးကာ အပါကပြော၏။ သူ့အမေက ပြုံးကာ–

''အေးဟုတ်တယ်''

အပါလေးက ''ညီလေးဘာလို့ထွက်မလာသေးတာလဲ''

''အချိန်မကျသေးလို့ကွဲ့''

နောက်နေ့များတွင်လည်း အပါက သတိရလျှင်မေးပြန်သည်။

''အမေ အချိန်မကျသေးဘူးလား''

''အေး နည်းနည်းလိုသေးတယ်''

တစ်မနက်စောစောတွင်တော့ ကလေးငိုသံကြောင့် အပါလန့်နိုးလာသည်။ သူ့အဖေက သူ့ကိုပြောသည်။

''ညီလေးမွေးပြီ''

''သူအပြင်ထွက်လာတာ ဝမ်းသာတယ်''

''ဘာဖြစ်လို့လဲ''

''ဒါမှ အမေ့ပေါင်ပေါ်မှာ အပါထိုင်လို့ရမယ်လေ''

အပါက သူ့အမေအခန်းထဲဝင်ကြည့်၏။ အမေက ခုတင်ပေါ်မှာလှဲနေ၏။ အမေမျက်နှာက နှင်းဆီပန်းအရောင်နှင့်တူ၏။ မျက်နှာပေါ်ကချွေးစက်တွေက ပန်းပွင့်ဖတ်ပေါ်တင်နေသည့် နှင်းစက်ကလေးတွေနှင့်တူ၏။ အပါက

''အမေ အမေ့ပေါင်ပေါ် ကျွန်တော်ထိုင်လို့ရပြီလား''

''အခုတော့ မရသေးဘူး။ အမေ့ဘေးမှာတော့ လှဲလို့ရတယ်''

''ညီလေး လှဲနေတယ်လေ''

ညီလေးက နီနီထွေးထွေးလေးဖြစ်ကာ အဝတ်ဖြူနှင့်ထုပ်ထားသည်။

''ညီလေးက ဘယ်ဘက်မှာ မင်းကညာဘက်မှာလှဲလေ''

အပါက သူ့အမေညာဘက်မှာ လှဲလိုက်သည်။ ညီလေးက ဘယ်ဘက်မှာ။ သူ့အမေက သားနှစ်ယောက်လုံးကို ချစ်ခင်စွာ ဖက်ထားသည်။ ညီလေးက အပါကို တွန်းမချ။ အပါကလည်း ညီလေးကိုတွန်းမချ။

**သစ ၁နီ**

# စကားပြောရတာပျော်စရာ

ဆာမိသည် ကြယ်နီနှင့်တစ်ကျောင်းတည်း တစ်တန်းတည်းအတူနေသော သူငယ်ချင်းဖြစ်၏။

ဆာမိ၏အဖေမှာ မီးရထားဌာနတွင် လုပ်ကိုင်သည်။ မောင်နှမများ၏ စားဝတ်နေရေးမပြေလည် အမေက တိုရှည်ကုလားမုန့်ကို လုပ်ကိုင်ရောင်းရရှာသည်။

ရန်ကုန်၏အရှေ့ပိုင်းမင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မီးရထားရိပ်သာဝင်းထဲတွင် နေထိုင်၏။ ဆာမိမှာ ကိုယ့်မြို့နယ်အတွင်းရှိ အခ့မ့ကျောင်းတွင်လာနေ၏။

ဆာမိကျောင်းတက်လျှင် ပုဇွန်တောင်လမ်းမကြီးအတိုင်း လမ်းလျှောက်လေ့ရှိ၏။ စာတိုက်အနီး ကျီတော်ရပ်ကွက်ခေတ်မီသော တိုက်အဆောက်အအုံကြီးများက ခမ်းနားလှပနေ၏။ ကုန်သွယ်မှုဇဟိုတိုက် အမြင့်ကြီးမှာ အားလုံးထက်လှပလေသည်။

၁၉၉၆ ခု၊ မြန်မာ့ခရီးသွားနှစ် ကုန်စည်ပြပွဲကြီးပြရန်အတွက် နိုင်ငံခြားမှကုမ ဏီများရောက်လာ၏။ သူတို့ကုန်ပစ ည်းများကို ကားကြီးကားငယ်များစွာဖြင့် သယ်ဆောင်ပြင်ဆင်နေကြသည်။ ဆာမိမှာ ကျောင်းလာရင်းရပ် ကြည့်နေမိ၏။ ကျောင်းရောက်လျှင် ကြယ်နီတို့သူငယ်ချင်းများအား ပြောပြ၏။

''ကုန်စည်ပြပွဲလုပ်မလို့တဲ့ကွ၊ ပစ ည်းတွေဟာ အကောင်းစားချည်းပဲ။ ပြင်ဆင်နေကြပြီကွာ''

''ဘာတွေပြမှာလဲ''

''နိုင်ငံခြားကုမ ဏီတွေက လာပြမှာတဲ့ကွ''

''ဘာဖြစ်လို့ပြကြတာလဲ''

''မြန်မာ့ခရီးသွားနှစ် အထိမ်းအမှတ်လို့ လူကြီးတွေပြောတယ်''

''ဘယ်နေ့စပြမှာလဲကွ''

''အခု နိုဝင်ဘာလ ဆယ့်ခြောက်ရက်နေ့''

++++

ကုန်စည်ပြပွဲကြီး ဖွင့်လှစ်လေပြီ။ အကောင်းစားကားကြီးများနှင့် ငွေကြေးချမ်းသာသူလူကြီးများ ဝင်လိုက်ထွက်လိုက်နှင့် လာကြည့်ကြ၏။ တချို့မှာ မိသားစုသားသမီးများ ခေါ်ပြကြလေ၏။

''လူကြီးသုံးဆယ် ကလေးတစ်ဆယ်''

ဆာမိသည် အခမဲ့ဝင်ကြည့်ခွင့်မရချေ။ အခကြေးငွေပေးဝင်ရမှန်းသိလာ၏။ အပြင်မှ ချောင်းမြောင်းကြည့်၏။ အထဲတွင်ကြီးကျယ်ခမ်းနား စက်လှေကားကြီးတပ်ဆင်ထားသည်။

''အထဲကို ငါသိပ်ကြည့်ချင်တာပဲ။ ငါ့မှာဝင်ကြေးပိုက်ဆံမရှိလို့ပေါ့ကွာ''

အပြင်၌ထား ပြသော ဒေဝူးဝန်ချီစက်ကြီးများနှင့် ဆန်စက်ကိုသာ လှည့်ပတ်ကြည့်၍၊ သစ်သားခြသေ့်ပန်းပုပ်ကြီးကိုသာ မချင့်မရဲနှင့် ပွတ်သပ်ရင်း ကျောင်းသို့ လာခဲ့လေတော့၏။

''ငါပိုက်ဆံ ဘယ်လိုရှာရမလဲ''

အမေက တစ်နေ့မုန့်ဖိုးတစ်ကျပ်သာ ပေးနိုင်၏။ ကျောင်းမှာစားရန် ထမင်းဘူး ယူ၏။

''ငါမုန့်မစားဘဲ တစ်နေ့တစ်ကျပ်စုရင် ဆယ်ရက်ဆို ငွေတစ်ဆယ်ရမှာပဲ။ ငါစုမယ်''

ဆာမိမှာ ဆုံးဖြတ်လိုက်၏။

+++++

ကျောင်းလွှတ်လျှင် ဆာမိသည် ကြယ်နီတို့ရပ်ကွက်ထဲသို့ အတူလိုက်လာ၏။ ကြယ်နီ၏ရပ်ကွက်သူငယ်ချင်းများ ဖြစ်ကြသော ကြယ်ဖြူ၊ ငတိုး၊ အရှည်ကြီး၊ ကမ္ဘာ၊ သံမဏိတို့နှင့်တွေ့၏။ သူတို့အားလုံးမှာ ဗီဒီယိုဂိမ်းတိုက်ခန်းထဲသို့ ရောက်နေကြသည်။ ရွယ်တူအားလုံးကစားနေကြသည်မှာ ဆူညံနေသည်။ သူတို့လက်ထဲတွင် ပိုက်ဆံများစွာကိုင် သုံးစွဲနိုင်ကြ၏။

''ကြယ်နီ မင်းဆီမှာ ပိုက်ဆံရှိရင် ငွေတစ်ဆယ်လောက် ငါ့ကိုခဏချေးပါလား ကွာ။ ဆယ်ရက်ပြည့်ရင် ငါဆက်ဆက်ပြန်ဆပ်မယ်''

''မင်း ဘာလုပ်မလို့လဲ''

''ငွေတစ်ဆယ်ပေးပြီး ကုန်စည်ပြပွဲဝင်ကြည့်ချင်လို့ပါကွာ''

''ဟား ဟား ဟား၊ အဲဒါနဲ့မင်းနဲ့ ဘာဆိုင်လဲ။ တို့ကလေးတွေ ကြည့်စရာဘာမှ မရှိဘူး''

ငတိုးက ဟားတိုက်ရယ်၏။

''ဒီကောင်က တယ်ကြီးကျယ်တဲ့ကောင်ပဲ။ အဲဒီမှာ ဗွီဒီယိုဂိမ်းတွေကစားလား''

အရှည်ကြီးက လှောင်၏။

''ငါ့မှာ မင်းကိုချေးစရာမရှိပါဘူးကွာ။ ဝင်ကြေးနဲ့ဆို ကြည့်မနေပါနဲ့ကွာ။ နှမြောစရာကြီး''

ကြယ်နီက ဖျောင်းဖျပြောလိုက်သည်။ ဆာမိမှာ လွယ်အိတ်လွယ်ရင်း သူတို့အနားမှ ပြန်ထွက်၏။ ကြယ်ဖြူလည်း အတူလိုက်လာ၏။

''မင်းအဖေနဲ့ အမေဆီ တောင်းပါလားကွာ''

''ငါတို့က ဆင်းရဲတယ်ကွ။ တစ်နေ့မုန့်ဖိုးတစ်ကျပ်ပဲ ပေးနိုင်တာ''

''မင်းက ဘာတွေ ထူးထူးဆန်းဆန်း အဲဒီမှာရှိလို့ကြည့်ချင်ရတာလဲ''

''အဲဒီပြပွဲနဲ့ ငါ့အိမ်နီးတယ်ကွ၊ ကုန်ပစ္စည်းတွေ သယ်ယူလာတာ အမျိုးစုံပါတယ်။ ငါ ညနေ သွားသွားကြည့်တယလေ။ ထူးထူးဆန်းဆန်းတွေ ပြမှာသေချာတယ်။ ဆရာမက ဗဟုသုတရှာရမယ်လို့ ပြောထားတယ်ကွ။ မင်းမှာပိုက်ဆံရှိရင် သွားဝင်ကြည့်ပါလား။ ကြယ်နီတို့က အလကားကောင်တွေ။ ကစားဖို့ပဲစဉ်းစားနေကြတာ''

ဆာမိက လူကြီးဆန်ဆန်ပြောပြလိုက်သဖြင့် ကြယ်ဖြူမှာစိတ်ဝင်စားလာ၏။

''ငါတစ်ယောက်တည်းဆို ပျင်းစရာကြီး''

''ငါလိုက်ပို့ပေးပါ့မယ်''

''ဒီလိုလုပ်ကွာ၊ ငါ့မှာ ငွေသုံးဆယ်ရှိတယ်။ မင်းကိုတစ်ဆယ်ချေးမယ်၊ တစ်နေ့ တစ်ကျပ် ငါ့ကိုဆပ်သွားနိုင်မလား''

''အေး ငါဆပ်ပေးမယ်''

ဆာမိမှာ ငွေတစ်ဆယ်ရသဖြင့် ဝမ်းသာသွားလေပြီ။

၁၉၉၆ ခု၊ မြန်မာ့ခရီးသွားနှစ်ကုန်စည်ပြပွဲ

ကြယ်ဖြူနှင့်ဆာမိတို့သည် ကျောင်းစိမ်းလုံချည်၊ ကျောင်းအင်္ကျီအဖြူရောင်တွင် ကျောင်းတံဆိပ်များပါရှိ၏။ ဝင်ကြေးပေးပြီး ပြပွဲခန်းမကြီးထဲသို့ ဝင်လိုက်၏။ နိုင်ငံခြားသားဧည့်သည်ကြီးများနှင့်အတူ စက်လှေကားကြီးကို အတူစီးကြ၏။

အထပ်တိုင်း၌ ဆိုင်ခန်းများ၊ ပြခန်းများ ပြည့်နှက်ပြီး လာရောက်ကြည့်ရှုသူများ မနည်းပင်။ နိုင်ငံခြားသားများကိုယ်တိုင် ဆိုင်ခန်းဖွင့် ရောင်းချကြလေသည်။

''ဆာမိ၊ ပစ္စည်းတွေအားလုံးဟာ အကောင်းစားတွေချည်းပဲ။ ဘယ်ဟာ ကြည့်ရမှန်းတောင်မသိတော့ဘူးကွာ''

ကြယ်ဖြူမှာ ကြည့်မဝအောင် ဖြစ်နေလေပြီ။

''ဟိုကောင် ကြယ်နီတို့ပါလာရင် သိပ်ကောင်းမှာပဲ။ ဒီကောင်တွေ အရမ်းသဘောကျကြမှာ''

ဆာမိက သူငယ်ချင်းများကို သတိရလိုက်၏။ ပြခန်းများ တစ်ခန်းပြီးတစ်ခန်း ဖြည်းဖြည်းဆေးဆေး ကြည့်ကြသည်။ ဝင်ကြေးပေးပြီး ကြည့်ရသဖြင့် တန်ဖိုးထားတတ်လာကြ၏။ ပိုက်ဆံရှိသော မိသားစုများ ကုန်ပစ္စည်းများကို ဝယ်ခြမ်းသွားကြ၏။

''ဟေး ဟဲလို''

ုတ်တရက် တိုးရစ်ကမ္ဘာလှည့်နိုင်ငံခြားသား အဘိုးကြီးနှင့် အဘွားကြီးက ဆာမိနှင့်ကြယ်ဖြူကို လှမ်းနှုတ်ဆက်လိုက်၏။ ကလေးများကို ချစ်ခင်တတ်ကြသူများ ဖြစ်ဟန်တူ၏။

''ဟဲလို့ ဟဲလို''

ဆာမိကလည်း စပ်ဖြဲဖြဲနှင့် ရဲရဲဝံ့ဝံ့ပြန် နှုတ်ဆက်လိုက်ရာ ဝမ်းသာသွားကြ၏။ အဘိုးကြီးက အင်္ဂလိပ်လိုစကားပြော မေးမြန်းရာနှစ်ဦးစလုံး နားမလည် ကြောင်အမ်းအမ်းဖြစ်သွား၏။

''ဟော့ကောင်ကြယ်ဖြူ၊ သူဘာပြောတာလဲကွာ သိလား''

''ဟင့်အင်း ငါလည်းနားမလည်ဘူး။ ဒါပေမဲ့ နိမ်းနိမ်းတော့ ပါတယ်ကွ''

''ဒါဖြင့်တို့နာမည် မေးတာပဲထင်တယ်''

ဆာမိက ချက်ချင်းရိပ်မိကာ နှုတ်ရဲရဲနှင့်အင်္ဂလိပ်လို ပြောလိုက်၏။ ကျောင်းသင်ခန်းစာထဲ၌ သင်ထားသည့်အတိုင်းပင်။

''မိုင်နိမ်းအစ် မောင်ဆာမိ''

အဘွားကြီးက သဘောကျသွား၏။

''မိုင်နိမ်းအစ် မောင်ကြာဖြူ''

နိုင်ငံခြားအဘိုးကြီး၊ အဘွားကြီးမှာပါလာသော ကင်မရာနှင့်သူတို့နှစ်ဦးကို ဓာတ်ပုံရိုက်လိုက်၏။ မကြာမီကင်မရာထဲမှ အလိုလိုရိုက်ပြီးသား ဆေးရောင်စုံဓာတ်ပုံ ချက်ချင်းထွက်လာ၏။ လက်ဆောင်ပေးကြ၏။

ကျေးဇူးတင်ပါတယ်ခင်ဗျာ''

ကြယ်ဖြူကလှမ်းယူ သဘောကျနေသည်။

''သင်းကျူ သင်းကျူ''

ဆာမိက စပ်ဖြဲဖြဲနှင့် အင်္ဂလိပ်လိုပြောရာ အဘိုးကြီး၊ အဘွားကြီးမှာသဘောကျ သူတို့အိတ်ထဲမှဘောလ်ပင်နှစ်ချောင်းထုတ်ပြီး လက်ဆောင်ပေးပြန်၏။ အင်္ဂလိပ်လိုပြောပြီး သဘောကျလျက် သူတို့ဆံပင်များကို ပွတ်သပ်ပေးကြသည်။

တချို့နိုင်ငံခြားသားကြီးများကလည်း သူတို့ကိုစကားပြောနှုတ်ဆက်ပြီး သွားကြ၏။ သူတို့နားမလည်လိုက်ကြပေ။

''ဒီမှာ နိုင်ငံခြားဧည့်သည်တွေ အများကြီးလာကြတယ်နော်။ သူတို့က ငါတို့ကိုချစ်ခင်ကြလို့စကားတွေ ပြောကြတယ်။ ငါတို့က နားမလည်တာခက်တယ်။ ဧည့်ဝတ်မကျေဘူးကွာ''

ကြယ်ဖြူက အားမလိုအားမရဖြစ်နေ၏။

''အင်္ဂလိပ်စကား ငါပြောတတ်ရင် သိပ်ကောင်းမှာကွ။ စက်ပစ ည်းတွေကလည်း အင်္ဂလိပ်လိုရေးထားတာ ငါဖတ်တတ်ချင်လိုက်တာကွာ''

ဆာမိနှင့် ကြယ်ဖြူတို့သည် ယခုမှနိုင်ငံခြားသားများနှင့် စကားပြောရာ၌ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားတန်ဖိုးကို နားလည်လာတော့၏။

''ငါတို့အင်္ဂလိပ်စကားမပြောတတ်တာ ရှက်စရာကြီးနော်''

''ဟုတ်တယ်ဆာမိ၊ ငါတို့တိုင်းပြည်ကို နိုင်ငံခြားသားတွေက တဖြည်းဖြည်း အများကြီးရောက်လာကြပြီကွ၊ သူတို့နဲ့စကားပြောနိုင်အောင် အင်္ဂလိပ်စာကို ကြိုးစား သင်ရတော့မယ်ကွ။ သူတို့ကိုငါတို့ မြန်မာပြည်အကြောင်း အများကြီးပြောပြချင်တယ်''

''ဟုတ်တယ် မင်းပြောတာမှန်တယ်''

နှစ်ဦးသားဝင်ကြေးငွေ တစ်ဆယ်ဖိုးမက အလွန်တန်ဖိုးရှိသော ကုန်စည်ပြခန်း များမှာ အားရပါးရကြည့်ပြီးနောက် အပြင်သို့ပြန်လည်ထွက်လာကြ၏။

''ဒီနေ့ကစပြီး အင်္ဂလိပ်စကားပြော သင်တော့မယ်ကွာ''

ကြယ်ဖြူက ဆာမိ၏လည်ပင်းကိုဖက်ပြီး ပျော်ရွှင်စွာဟစ်ကြွေးလိုက်လေတော့ ၏။

**တက သိုလ်မောင်အောင်ဆွေ**

# အမှန်တရားရဲ့ပထမဆုံးနေ့

မင်းကိုနိုင်

ထိုနေ့က ကျွန်တော့်အိမ်မှာဟင်းမကောင်းလို့ စိတ်ကောက်ပြီး ထမင်းမစားဘဲ နေပြတဲ့နေ့။ နေ့လယ် ဆယ့်နှစ်နာရီကျော်ပါပြီ။ မိုးရွာနေ အိမ်ခေါင်မိုးပေါက်မှ ရေယို သည်ကို ကြမ်းပေါ်မှာခွက်များ၊ အိုးများဖြင့်ခံထားရာ ညှော်ခန်း၌ ကျွန်တော်ကြမ်းပေါ် ဝမ်းလျားမှောက်ကာ ဗိုက်တဂွီဂွီဆာနေသည့်ဒုက္ခနှင့် ဟင်းမကောင်း မကျေနပ်သော ဒေါသနှစ်မျိုး၏တက်နင်းမှုကို လျှာထွက်အောင်ခံနေရချိန် ဖြစ်ပါသည်။

ခွက်များ၊ အိုးများပေါ်သို့ကျလာသော ရေပေါက်သံ 'တတုံတုံ'က ကျွန်တော့် အားပို လှောင်ပြောင်နေသလို ခံစားရ လည်း ကျွန်တော်ငြူစုစိတ်ဖြင့်လှည့်ကာ ဘု ကြည့်ကြည့်မိသည်။ 'လောကကြီးကိုစိတ်ပျက်တယ်'ဟု လူကြီးအချို့ညည်းတွားသံ ကြားဖူးသလိုမျိုး ဖြစ်နေပြီဟု ကိုယ့်ကိုယ်ကိုယ် ထင်နေချိန်ဖြစ်ပါသည်။

ထိုစဉ်အိမ်ဝသို့ ကလေးဆောင်းထီးတစ်လက် ရောက်လာ ကြည့်လိုက်ရာ ညီမလေးဖြစ်နေသည်ကို တွေ့ရသည်။ ညီမလေး ထိုနေ့က သူငယ်တန်းကျောင်းစတက် သည်ကို ကျွန်တော်ချက်ချင်းသတိဝင်လာပြီး ခေါင်းထောင်ကြည့်ရာမှာ သူမတစ်ကိုယ် လုံး မိုးထဲရေထဲပြန်လာ စိုရွှဲနေသည်ကို မြင်ပါသည်။ သို့သော် သူမထီးကလေးဖြင့် သူမရင်ဘတ်ထဲက တစ်စုံတစ်ခုကို အသေအချာကာကွယ်လျက်။ လူသာရေအရွှဲခံ ရင်ဘတ်ထဲက မိုးရေအစိုမခံသော ထိုအရာဘာပါလိမ့်။ ကျွန်တော်စပ်စုစဉ်ပင် ညီမ လေးက သူမရင်ဘတ်ထဲက အရာကိုဆွဲထုတ်ပြကာအိမ်ပေါ်သို့ခုန်တက်လာသည်။

''ကိုကို ဒီမှာကြည့် ကြည့်လိုက်''

ဝမ်းသာအယ်လဲသူမမြှောက်ပြသည်မှာ ကျောက်သင်ပုန်းလေးတစ်ချပ်ပါလား။ အရွယ်မညီ ဝလုံးများပြည့်နှက်အောင် ရေးထားသည်။ ဝလုံးများပေါ်တွင်ကား ဆရာမ က အမှန်(မှန်)သင်္ကေတ မြေဖြူနှင့်အကြီးကြီး ခြစ်ပေးထားသည်။

ဤမျှသာပင်။

သို့သော် ညီမလေးအတွက် ပျော်မဆုံးစရာဖြစ်နေပြီး ရေစိုနေသည့် သူမတစ် ကိုယ်လုံး လှုပ်ရမ်းကာ သင်ပုန်းလေးကို မြှောက်ပြရင်း ကပြနေပါသည်။

''ဒီမှာလေ အမှတ်လေး''

ဟုပြလျက် သူမအပျော်ကို ကျွန်တော့်ထံပေးသည်။

ကျွန်တော့်ထံ ပျော်ရွှင်မှုချက်ချင်းရောက်ပြီး ခုနက အလိုမကျမှုနှင့် ဆာလောင် ခြင်းတို့အား တော်ရာအမှိုက်ပုံးသို့ ကုပ်ဆွဲကာ ပို့လိုက်တော့သည်။ လေးလံခဲ့သော ကျွန်တော်ပေ့ါပါးသွားပြီး ထိုင်းမှိုင်းရာမှ လန်းဆန်းသွားပါသည်။ ချက်ချင်းလူးလဲထ

ရေခံထားသော ခွက်တွေကိုဆွဲယူမှောက်လိုက်သည်။

ခုနက ကျွန်တော့်အားလှောင်ပြောင်သံပြုခဲ့သော နို့မှုန့်ပုံးခွံ၊ ဒန်အိုးစသည်တို့မှာ ကျွန်တော့်လက်စွမ်းပြ အသုံးတော်ခံပုံများအဖြစ် ပျော်စရာတီးလုံးအသံ ထအော်ကြပါတော့သည်။

''ဒီမှာလေ့ အမှတ်ကလေး ပြုံ့ပြုံ့ပြုံ''

''ပျော်ပါတယ်ဗျ ညီမလေး ကွ ကွ က''

ညီမလေးမှာတော့ ကစားချင်နေသော ကြောင်ပေါက်လေးရှေ့ပင်ပေါင် ဘောလုံးလေးပစ်ချပေးလိုက်သလိုဖြစ်ပြီး ဒေ့ါ်ခန်းကို ပတ်ပြေးကာ ကနေပါပြီ။ မိသားစုများထွက်လာကြပြီး အံ့သြဝမ်းသာ လက်ခုပ်တီးပေးကြသည်။ သွပ်မိုးသို့ကျသော မိုးစက်သံတပြောင်းပြောင်းကလည်း ပရိသတ်ကြီးသြဘာပေးသည့်နှယ်။

''မီးမီးကိုယ်တိုင်ရေးခဲ့တယ်''

''မီးမီးအမှတ်ရခဲ့တယ်''

သူမအမှန်စကားအတွက် အားလုံးကျေနပ်ကြည်နူးပီတိကိုယ်စီရကြရသည်။ သူမ ဝလုံးလေးများမှာ ပိန်တာပိန်၊ ဖောင်းတာဖောင်း၊ တွန့်တာတွန့်၊ ကြီး သေးရွယ်စုံဖြစ်သော်လည်း ကလေးတစ်ယောက်၏ ပထမဆုံးကြိုးစားရသော ဝလုံးလေးများဖြစ် ဆရာမက အမှန်ခြစ်ပေးခြင်းဟု ကျွန်တော် နားလည်ပါသည်။

ဘယ်သူပဲဖြစ်ဖြစ် မိမိကိုယ်တိုင် ိုးသားကြိုးစားမှုအပေါ် အမှန်ပေးလျှင်ပျော်ကြပါလိမ့်မည်။ အသက်ကြီးလာ ကလေးဖြေရရှိနေသည့်တိုင် သူတို့ရင်ထဲမှာ ဂါဝန်လေးတဖားဖားနှင့် သင်ပုန်းလေးမြေ ၁က်ကာ ကနေသော ကလေးမလေးတစ်ယောက်ပေါ်လာမှာ သေချာပါသည်။

ဒါကိုမြင်လျှင် လူတွေပျော်ကြမည်ဟု ကျွန်တော်ယုံကြည်ပါသည်ခင်ဗျား။

**ချင်းတွင်းမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၁၄**

**မင်းကိုနိုင်**

## နေရာ

ဒီနေ့ စနေနေ့မို့ ကျွန်တော်တို့ကျောင်းပိတ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင်။ ကျွန်တော်တို့ ကျူရှင်ဆရာမကလည်း သူ့အမျိုးအသုဘကိစ ဖြင့် မော်လမြိုင်ဘက်ခရီးထွက်သွား တက်ရမည့်ကျူရှင်ပါ ပိတ်သွားပြန်သည်။ အားကြီးကောင်းအများကြီးကောင်းပေါ့။ စိတ်ညောင်းကိုယ်ညောင်းဘဝမှ ကျွတ်လွတ်သွားသဖြင့် လွတ်လပ်ပေါ့ပါးနေလိုက်သည့် ဖြစ်ခြင်း။

သို့မဟုတ်ပါက ကျွန်တော်တို့အဖို့ သိပ်မစားသာလှပါချေ။ ကျောင်းအပြင် အသင့်စောင့်ကြိုနေသော ကျူရှင်များ၏ပါးစပ်ထဲသို့ တစ်ချိန်လုံးခုန်ဝင်နေရသည် မဟုတ်လား။ ကျောင်းမှာလည်းစာ၊ ကျူရှင်မှာလည်းစာမို့ ခေါင်းတစ်ခုလုံးတွင် ကျောင်းစာတွေနှင့်သာ ထွေးလုံးရစ်ပတ်နေလေရာ ခေါင်းပင်မူးမတတ်၊ ကံများကောင်းချင်တော့ ဤစနေ၌ လွတ်လပ်ရေးအပြည့်ရနေလေသည်။

''ကိုတူး ဒီနေ့ကျူရှင်မရှိဘူးဆို''

''ဟုတ်''

''ဒါဆို ဦးမိုးနဲ့ မြို့ထဲလိုက်မလား။ စာအုပ်ဆိုင်လည်း သွားရတာပေါ့''

''သိပ်ကောင်းပေါ့ ဦးဦးမိုး၊ သားလိုက်မယ်''

ဤသို့ဖြင့် ကျွန်တော်ဦးဦးမိုး အလုပ်လုပ်သည့်မြို့ထဲ အာရှပလာဇာရှိ အလိမ္မာကလေးမဂ္ဂဇင်းတိုက်သို့ ရောက်ရှိခဲ့သည်။ ထိုအခါမှ မဂ္ဂဇင်းထဲဖတ်ဖူးသည့် ကဗျာဆရာကြီး ဘိုးဘိုးမောင်ယဉ်မှူးကို တွေ့ရသည်။ 'ပန်းကလေးများပွင့်တော့မည်။ ဖူးတံဝံ့လိုချီ၊ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်းဟူသည်'ဟူသည် ကျွန်တော်တို့ ကုန်းအော်ခဲ့ရဖူးသည့်ကလေးကဗျာကို ရေးခဲ့သူကဗျာဆရာကြီး ဘိုးဘိုးပျဉ်းမနားမောင်နီသင်းကို မြင်ရသည်။ ထို့နောက် ကလေးဝတၱုရေးဆရာကြီး ဘိုးဘိုးတက သိုလ်မောင်အောင်ဆွေဆိုတာနှင့် ဆုံရသည်။

ပြီးတော့ ရှိသေးသည်။ ကာတွန်းဆရာ မိုးထက်မိုး၊ ကာတွန်းဆရာပေါ်ကာဆိုသော ဦးဦးတို့ကိုလည်း မြင်ဖူးရသည်။ ဆရာကြီးတွေက စာမူတွေ၊ ပန်းချီကာတွန်းသ ုပ်ဖော်ပုံတွေ လာပေးကြတာကိုး။ ဦးဦးမိုးကလည်း တကူးတက မိတ်ဆက်ပေးတာကိုး။

+++++

ကျွန်တော့်အကြိုက်ဆုံးက နေ့လယ်ခင်းရောက်တော့ လက်ဖက်ရည်ဆိုင်သို့ သွားထိုင်ခြင်းပင်ဖြစ်သည်။

ဆိုင်က ဦးဦးမိုးတို့ မဂ္ဂဇင်းတိုက်နှင့် အနီးကလေး၊ ၃၈လမ်းဘေးမှာ။ ဦးဦးမိုးတို့

ခေါ်လေ့ရှိသည့် အရှည်ကြီးလက်ဖက်ရည်ဆိုင် သို့မဟုတ်လေဆန်ကုန်းလက်ဖက်ရည်ဆိုင်ပါပဲ။ အဲဒီမှာ ဦးဦးမိုးက အလိမ္မာကလေးမဂ္ဂဇင်းတွင် ကလေးတို့အတွက် လစဉ်ရေးပေးနေသည့် ဆရာကြီးသစ ၇နီနှင့် မိတ်ဆက်မေးပြန်သည်။

''ဒါ ဆရာ့ပရိသတ်''

ဟု ဦးဦးတိုးကပြောတော့ ဆရာကြီးကပြုံး ''ဟုတ်လားမင်းက ငါ့စာတွေဖတ်ဖူးလား''ဟုမေးသည်။ ကျွန်တော်က–

''ဖတ်ဖူးပါတယ်ခင်ဗျား။ အလိမ္မာမဂ္ဂဇင်းထဲက 'လွတ်လပ်ရေးဂိတ်'ဆို ကျွန်တော်သိပ်ကြိုက်ပါတယ်''ဟု ဆိုလိုက်ရာ ဆရာကြီး မျက်လုံးပြူးသွားသည်။ မျက်မှန်ထဲက မျက်လုံးတွေဖြင့် ဝမ်းသာအားရကျွန်တော့်ကို ပြုံးကြည့်ပြီး ''ဘယ်နှတန်းရောက်ပြီလဲ၊ ကျောင်းစာအပြင် အားလပ်ချိန်မှာ မဂ္ဂဇင်းဂျာနယ်တွေလည်း ဖတ်ကွ''ဟု လက်ချာပေးပါသည်။ စိတ်ချမ်းသာလိုက်တာ ကြည်နူးလိုက်တာ မပြောပါနှင့်တော့။

ထို့နောက် ဦးဦးမိုးက ကျွန်တော့်ကို အာရှပလာဇာမြေညီထပ်ရှိ ရာပြည့်စာအုပ်ဆိုင်သို့လည်း လိုက်ပြသည်။ ဆရာကြီးတက သိုလ်မောင်အောင်ဆွေ၏ 'ကြယ်နီတစ်ပွင့်ကြယ်ဖြူတစ်ပွင့်' ကလေးဝတ ္ထုတိုများစာအုပ်၊ ဆရာကြီးထွန်းမြိုင်၏ 'ကလေးတို့ချစ်တဲ့ဗိုလ်ချုပ်အောင်ဆန်း' စာအုပ်နှင့် ရွှေသွေးဂျာနယ်တို့ကို ဝယ်ပေးသည်။ ကျွန်တော်ဝမ်းသာပီတိဖြစ်ရပါဘိ။

+++++

ကျွန်တော်စိတ်ပျက်သွားမိတာက ညနေအပြန်ခရီးဖြစ်ပါသည်။

ကျွန်တော်တို့က ယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်ရာမြို့ထဲနှင့်အတန်ငယ်ဝေးသည်။ ထို့ကြောင့် ညနေပိုင်းအလုပ်ဆင်းချိန်တွင် ဦးဦးမိုးက လမ်း (၄၀) ယုဇနကားဂိတ်မှ ငါးရာအမြန်ကားနှင့် ပြန်လေ့ရှိပါသည်။

ကျွန်တော်တို့ ကားဂိတ်ရောက်သွားတော့ ထွက်မည့်ကားနှင့်အရံသင့်ဆုံပါသည်။

''ကို တူး ့ တက်''

ဦးဦးမိုးစကားကြောင့် ကျွန်တော်အမြန်တက်လိုက်သည်။ ''ဒီမှာထိုင်'' ဆို ဦးဦးမိုးဘေးတွင်ပင် ဝင်လိုက်လိုက်ပါသည်။ ကားနောက်ခန်းတွင် ခရီးသည်ရှစ်ဦးထိုင်ရမည်ဖြစ်သည်။ အရှေ့အနောက်နှစ်ဖက်တွင် ဆိုဖာခုံတန်းနှစ်ခုရှိရာ တစ်ခုတွင် သုံးယောက်ထိုင်ရသည်။ အလယ်ခုံအဖြစ် ပလပ်စတစ်ခုံပုလေး နှစ်လုံးရှိသည်။

ဦးဦးမိုးနှင့် ကျွန်တော်တို့ကားပေါ်ရောက်တော့ ခရီးသည်တွေက ပြည့်လုပြီ။ ဆိုဖာခုံတန်းမှာဆိုလျှင် ကျွန်တော့်ရှေ့က တစ်နေရာစာသာ လိုတော့သည်။ ထိုအချိန်မှာပါပဲ။ ခရီးသည်နှစ်ဦး ရောက်လာသည်။

''ဟိုမှာလူရှိလား''

တိုပြတ်ပြတ် ခပ်ကျပ်ကျပ်စကတ်ဝတ်ထားသည့် အမျိုးသမီးငယ်က လက်ညှိုး ထိုးမေးလိုက်သဖြင့် ဦးဦးမိုးကပင် ခေါင်းခါပြကာဖြေလိုက်သည်။

''ဒါဆိုလာမာမီတက်ရအောင်''

ပြောပြောဆိုဆို အမျိုးသမီးငယ်က သွက်လက်စွာကားပေါ်သို့ အရင်တက် သည်။ လူလွတ်သည့်ဆိုဖာတွင် ငြိမ့်ခနဲထိုင်ချလိုက်သည်။ မာမီဆိုသောဘွားဘွားကြီး က ပစ္စည်းတွေ၊ လက်ဆွဲအိတ်တွေဖြင့် ကိုးရိုးကားယား၊ လေးလေးလံလံ၊ အတော် ကြီး ကြိုးစားတက်လိုက်ရသည်။

သမီးက ဆိုဖာခုံပေါ် ခပ်မိန့်မိန့်ထိုင်လိုက်သဖြင့် မာမီကြီးခမျာ ပလတ်စတစ် အလယ်ခုံပုလေးတွင်သာ ထိုင်ရလေသည်။

မာမီကြီးက ဝဝဖိုင့်ဖိုင့်။ ကိုယ်လုံးကြီးကြီး။

ထိုင်ခုံက ပိစိကွေး သေးသေးလေးဆိုတော့ အတော်ကသိကအောက်ဖြစ်ပေ လိမ့်မည်။ ပြီးတော့ပါလာသည့် ပစ္စည်းတွေကိုလည်း ပေါင်ပေါ်တင်ရသေးသည်။

သမီးငယ်မော်ဒယ်လ်မလေးကတော့ ကြော့လို့မော့လို့ကော့လို့။ လွတ်လွတ်လပ် လပ် ပေါ့ပေါ့ပါးပါး။ အမေ့ပေါင်ပေါ်က ပစ္စည်းတွေက သူနှင့်မဆိုင်သလို၊ အအေးဘူး ဖောက်သောက်လိုက်၊ ကြက်ကင်ဝါးလိုက်နှင့် အရသာရှိရှိဇိမ်ကျနေသည်။ မာမီစားဦး မှာလားဟူ လည်း တစ်ခွန်းမှမမေး။

အလယ်ခုံအတွက် ခရီးသည်နောက်တစ်ဦး ထပ်ရောက်လာသဖြင့် ကားထွက်ရန် လူပြည့်သွားသည်။ ကားခတွေ ကောက်ပြီးသည်နှင့် ကားထွက်လေ၏။

အဲဒီမှာ ပြဿနာကစသည်။ အလယ်ပလတ်စတစ်ခုံဆိုတာကလည်း အကြီးကြီး မဟုတ်။ ငယ်သလောက်နွဲ့သည်။ ကားခုန်လိုက် ဆောင့်လိုက်သည်နှင့်လှုပ်သည်။ တစ်ခါတလေ ပျော့ရွဲ့သွားတတ်သည်။

ထိုအခါ မာမီကြီးခမျာ တဟဲ့ဟဲ့နှင့်။ အလယ်အစားထိုးခုံမို့ ကိုင်စရာမရှိ။ ဘာ မရှိ။ ဘယ်ယိမ်းကာညာယိမ်းကာ။ သူ့ခန္ဓာကိုယ်ကြီးကို တော်တော်ထိန်းထားရသည်။ သမီးချောကတော့ သူနှင့်ဘာမှုမဆိုင်သလို။ နားနှစ်ဖက်ဝယ် နားကြပ်ကလေးတပ် ကာ MP3 နှင့် ငြိမ့်နေပါသည်။ အတော်နေနိုင်ပါလား။

ကားပေါ်က လူတွေကတော့ အမေကြီးကိုတစ်လှည့်၊ ချွေမင်းသမီးလေးကို တစ် လှည့်သာ ကြည့်နေမိကြသည်။ မကြည့်ချင်လည်း မြင်လျက်သားမဟုတ်လား။ ဦးဦးမိုး လည်း တောင်ယိမ်းမြောက်ယိမ်းနှင့် တအိုအို တဟဲ့ဟဲ့ ရေရွတ်နေသော အမေကြီး ကို ကြည့်ပြီး စိတ်မသက်မသာဖြစ်နေပုံရသည်။ စိတ်ပျက်လက်ပျက်နှင့် –

''ဘာတော်လဲ''

ဟုမော်ဒယ်လ်ဂဲလေးသို့ မေးငေါ့ထိုးကာအမေကြီးအား မေးလိုက်၏။

''သမီး''

လေသံတိုးတိုးဖြင့် ပြန်ဖြေလိုက်တာကြားရသည်။

တစ်ဆက်တည်း ဦးဦးမိုးပြုံးနေတာကိုလည်း ကျွန်တော် မြင်လိုက်မိသည်။

+++++

''ကျွိ''

''အမယ်လေး''

ုတ်တရက် ဘရိတ်ဆွဲလိုက်သံ။ အော်ဟစ်သံနှင့်အတူ ဒိုင်ဘာ၏မာန်မဲသံကို ပါ ကြားလိုက်ရသည်။

''သေချင်ကြတယ်ထင်တယ်။ မသာလေးတွေ''

ကောင်မလေးတစ်ဦးကို ကယ်ရီယာပေါ်တင်ထားသည့် လူငယ်၏စက်ဘီး။ အပြုံးမပျက်နင်းထွက်သွားသည်ကို မြင်တွေ့ရသည်။

''ဘုရား ဘုရား တော်ပါသေးရဲ့။ အတင်းလမ်းဖြတ်ကူးတာ ကားဆရာဘရိတ်အဆွဲအမြန်ပေလို့ပဲ''

ခရီးသည်အဒေါ်ကြီးတစ်ဦး၏ စကားကိုကြားလိုက်စဉ်မှာ ကျွန်တော့်ရှေ့က ဘွားဘွားကြီးသည် ခြေကားယား လက်ကားယားဖြင့်အတော်ဟန်ချက်ပျက်သွားလေပြီ။ ပလတ်စတစ်ခုံလေးပေါ်မှ ပြုလဲကာ ပိုးလိုးပက်လက် ဖြစ်သွားသည်အထိ။ သို့သော် ဟဲဟဲ ဟဲဟဲနှင့်ပါပဲ။

လူကြီးရက်တော့ ရယ်သည့်ပုံစံမျိုး။ ဤမျှအခြေအနေဆိုးဝါးနေသည်ကိုပင် သမီးက သူနှင့်ဘာမျှမဆိုင်သလို နေကာ မာမီကလည်းဟု မာန်မဲလိုက်ပါသေးသည်။ မဖြစ်တော့ပါဘူးလေဟု ကျွန်တော်တွေးမိကာ ဘွားဘွားကြီးကို ဝိုင်းကူထူပေးရင်း။

''ဘွား ဘွား ကျွန်တော့်နေရာမှာ ပြောင်းထိုင်ပါ'' ဟုပြောလိုက်မိသည်။ ဘွားဘွားကြီးက အံ့အားသင့်ကာ ပြုံးတုံးတုံးဖြင့်

''အေး အေး ကျေးဇူးပဲကလေးရယ်''

ပြောပြောဆိုဆို ကျွန်တော့်နေရာမှာ ဝင်ထိုင်လေတော့သည်။ မော်ဒယ်လ်မလေးက ထူးထူးခြားခြား အပြောင်းအလဲကြောင့် တအံ့တသြ ဖြစ်သွားကာ သူ့ရှေ့ပလတ်စတစ်ခုံပုလေးပေါ် ကျုံ့ကျုံ့လေးထိုင်နေသော ကျွန်တော့်ကို မျက်မှောင်ကုပ်လျက် မျက်စောင်းတစ်ချက်ထိုးလိုက်သေးသည်။

ပြီးတော့ ဦးဦးမိုး၏ အပြုံးကိုလည်း ကျွန်တော် ဖျတ်ခနဲမြင်လိုက်ရသည်။

**မင်းချမ်းမွန်**